
Facebook ..
တစ္ဆေ

# အပိုင်း (၁)

အိမ်အပြင်မှာ အမှောင်ထုကပိုလာသလို မိုးကလည်း ထန်နေတယ်။

မမိုးသူတစ်ယောက် မိုးကပိုသည်းလာတဲ့ အတွက် ပြတင်းတွေ ထပိတ်ရင်း ခြံဝဆီလှမ်းမျှော်မိတယ်။

“ကိုထွန်းမောင်တစ်ယောက် ဘာလို့ များ ဒီလောက်နောက်ကျနေပါလိမ့်၊ မိုးထဲလေထဲ ကားမောင်းတာ အဆင်မှ ပြေပါ့မလား၊ မူးပြီးပြန်လာရင်တော့ ဒုက္ခပါပဲ၊ စိတ်တွေပူလိုက်တာနော်”

ပူပန်စိတ်နဲ့ အတူ သူမ သက်ပြင်းအသာချရင်း သမီးဖြစ်သူရဲ့ အခန်းဘက် လျှောက်ခဲ့တယ်။

အသက်လေးနှစ်သာရှိတဲ့ သမီးဖြစ်သူဝိုင်းလေး။

အိပ်ရာထက် ပူပင်ကင်းစွာ အိပ်မောကျနေရှာတယ်။

မမိုးသူဟာ သမီးဖြစ်သူရဲ့ ဆံနွယ်တွေကိုပွတ်သပ်ရင်း နဖူးပြင်ကို နမ်းရှိုက်လိုက်တယ်။

သူမအနမ်းကြောင့် ဝိုင်းလေးနိုးသွားပြီး ...

“မေမေ ... မအိပ်သေးဘူးလားဟင်၊ ဖေဖေရော ပြန် လာပြီလား”

လို့ မေးလာတယ်။

“သမီးရဲ့ ဖေဖေက ပြန်လာသေးဘူးလေ၊ သမီးလေး ပြန်အိပ်လိုက်

နော် … အစောကြီးရှိသေးတယ်”

သူမဟာ သမီးဖြစ်သူကို ပြန်ပြီးချော့သိပ်လိုက်တယ်။

ပြီးမှ ဧည့်ခန်းဘက်ထွက်ခဲ့ရင်း ဆက်တီခုံမှာ ထိုင်စောင့်နေမိတယ်။

ညဥ့်နက်လာသည် နှင့်အမျှ တစ်နေကုန် အိမ်မှုကိစ္စတွေ ပင်ပန်းထားတဲ့ သူမ … မျက်ခွံတွေက လေးလံလာတယ်။

ဒါကြောင့်ခင်ပွန်းသည် ပြန်လာရင် ဝင်လို့ ရအောင် အိမ်ဘာဂျာတံခါးကို သော့ခလောက်ဖြုတ်ပြီး စေ့ထားပေးလိုက်တယ်။

မမိုးသူတစ်ယောက် အခန်းထဲဝင်ပြီး အိပ်ရာထက်နှစ်ခြိုက်စွာ အိပ်မောကျသွားတော့တယ်။

ဘယ်လောက်ကြာအောင် အိပ်ပျော်သွားတယ် မသိဘူး။

ဒုန်း … ခနဲ အသံကြီးကြားလို့ သူမလန့်နိုးသွားရတယ်၊ အိပ်ခန်းတံခါးကို ဆောင့်တွန်းဖွင့်ရင်း ဒယီးဒယိုင်နဲ့ ဝင်လာတဲ့ ကိုထွန်းမောင်။

သည့်ထက်ပိုဆိုးပြီး သူမရဲ့ မျက်လုံးအစုံ ပြူးကျယ်သွားစေတာက ကိုထွန်းမောင်ရဲ့ ခါးကို ဖက်တွယ်ထားတဲ့ မိန်းမတစ်ယောက်။

“အေ့ … မိုးသူ … မင်းက စောစောစီးစီးသေနေပါလားကွ၊ ထစမ်းဟေ့ … အာ … ဒီမိန်းမ”

ပြောပြောဆိုဆို ကိုထွန်းမောင်တို့ နှစ်ယောက်ဟာ ခုတင်နား ဗလုံးဗထွေးနဲ့ ရောက်လာကြတယ်။

နှစ်ယောက်သား ခိုးခိုးခစ်ခစ် ရယ်မောတွတ်ထိုးရင်း အိပ်ရာပေါ်လှဲချလိုက်ကြတယ်။

မမိုးသူဟာ ယောကျ်ားဖြစ်သူရဲ့ လုပ်ရပ်ကြောင့် ရှက်ဒေါသတွေ မွန်ထူသွားပြီး ...

"ကိုထွန်းမောင် ... ရှင် ... ရှင် ... ဘာတွေလုပ်လာတာလဲ၊ ရှင် သိက္ခာမဲ့လှချေလား၊ ရှင် ဘယ်ကမိန်းမတွေ ... အိမ်ခေါ်လာသလဲ ... ဟင်"

လို့ တုန်ယင်သံကြီးနဲ့ မေးလိုက်တယ်။

ကိုထွန်းမောင်ဟာ သူစိမ်းမိန်းမကို ရင်ခွင်ထဲ ပွေ့ဖက်ထားရင်းက မိုးသူကို လက်ပြန်ရိုက်ချလိုက်တယ်။

"အာ ... လျှာသိပ်ရှည်တဲ့ မိန်းမပဲ၊ သူက လမ်းဘေးက မိန်းမ မဟုတ်ဘူး ကွ၊ ငါသိပ်ချစ်တဲ့ ငါ့ရဲ့ အသည်းလေးပဲ၊ ငါ့အသည်းလေးကို မထိနဲ့ နော်၊ မီးပွင့်သွားမယ် ဘာမှတ်သလဲ၊ ကိုယ့်ဟာကို အေးဆေးအိပ်စမ်း ... ကောင်မ"

ကိုထွန်းမောင်ရဲ့ ရင့်သီးတဲ့ စကားတွေက မမိုးသူရဲ့ နှလုံးသားထဲ သံရေပူအလား စီးဝင်သွားရှာတယ်။

ဝမ်းနည်းစိတ်ကြောင့် မျက်ရည်ပိုးပိုးပေါက်ပေါက်ကျလာသလို ခေါင်းအုံးကို ဆွဲယူရင်း အိပ်ရာထဲက ထွက်ခွာဖို့ ပြင်လိုက်မိတယ်။

"မင်း ဘယ်မှာ မှ သွားအိပ်စရာမလိုဘူးကွ၊ ဒီမှာ ပဲအိပ်ရမယ် ... ဟား ဟား၊ ယောကျ်ားကောင်း မောင်းမတစ်ထောင်ဆိုတာ မကြားဖူးဘူးလား၊ ငါမချစ်တဲ့ နင်နဲ့ ငါးနှစ်တိတိ ပေါင်းခဲ့ပြီးပြီ၊ ဒီတစ်ခါ ငါ့အလှည့်ပဲ၊ ငါခံစားခဲ့ရသလို မင်းလည်း ခံစားရစေမယ်၊ လုံးဝမသွားနဲ့ ... ဒီမှာ ပဲ အိပ်စမ်း"

ကိုထွန်းမောင်ရဲ့ စကားတွေက သူမအရှင်လတ်လတ် မြေကျင်းထဲ ရောက်သွားသလို ခံစားလိုက်ရတယ်။

မမိုးသူဟာ တအင့်အင့်ရှိုက်ငိုရင်း ခေါင်းအုံးလေးကိုကျစ်နေအောင် ဆုပ်ကိုင်ထားမိတယ်။

မမိုးသူရဲ့ ရင်ထဲ ပူလောင်မှုတွေနဲ့ အတူ မျက်ရည်တွေက အိမ်ပြင်မှ ရွာသွန်းတဲ့ မိုးနဲ့ အပြိုင် သည်းထန်ရချေပြီ။

*

## အပိုင်း(၂)

မမိုးသူနဲ့ ကိုထွန်းမောင်တို့ က လွန်ခဲ့တဲ့ ငါးနှစ်ကျော်လောက်က Facebook ပေါ်ကနေစပြီး သိကျွမ်းခဲ့ကြတာ။

ကိုထွန်းမောင်က မမိုးသူ ဖေ့ဘုတ်အကောင့်ထဲက သူငယ်ချင်းဖြစ်သလို ချက်ဘောက်(cb)ကနေ မိတ်ဆက်ရင်းရင်းနှီးခဲ့ကြတယ်။

ထိုစဉ်က ကိုထွန်းမောင်က ချစ်သူထားရစ်လို့ အသည်းကွဲနေတဲ့ ဝေဒနာသည် တစ်ဦးပေ့ါ။

Cbကနေ ကိုထွန်းမောင်ရဲ့ ဝေဒနာကိုဖြေသိမ့်ပေးရင်းက အပြင်မှာ လူချင်းတွေ့တဲ့ အဆင့်ထိ ရောက်ခဲ့ကြတယ်။

အဲဒီအချိန်က ကိုထွန်းမောင်ဆိုတာ 24 hour ဖွင့်တဲ့ စတိုးဆိုင်လေးရဲ့ အရောင်းဝန်ထမ်း။

အမှန်တိုင်းပြောရရင် ကိုထွန်းမောင်ရဲ့ အသည်းကွဲဝေဒနာကို နှစ်သိမ့်ပေးရင်းက သူမဘက်ကစပြီး သူ့ကို သံယောဇဉ်တွယ်မိခဲ့ရခြင်းပါ။

နောက်တော့ နီးစပ်မှုရဲ့ သံယောဇဉ်အတိုင်း သူမတို့ လက်ထပ်တဲ့ အခြေအနေထိ ရောက်ခဲ့ကြတယ်။

လက်ထပ်ပြီးနောက် သူမရဲ့ ဖခင်ပိုင်တဲ့ ကုမ္ပဏီမှာ ခင်ပွန်းဖြစ်သူကို မန်နေဂျာရာထူးပေးခဲ့တယ်။

အစကတည်းက အေးစက်စက်နိုင်တဲ့ ကိုထွန်းမောင်ရဲ့ ဆက်ဆံရေး

ဟာ အိမ်ထောင်သက် ကြာလာသည် နှင့်အမျှ ပိုပြီးဆိုးဝါးလာခဲ့တယ်။

အလုပ်ပြန်ချိန်တိုင်း အရက်သောက်ပြီး ပြန်လာတတ်သလို အပြင်မှာ မြာပွေတဲ့ သတင်းတွေက မမိုးသူရဲ့ နားထဲ နားမဆံ့အောင်ပြန် ကြားခဲ့ရတယ်။

မြန်မာမိန်းမတို့ ဓလေ့အတိုင်း တည်ပြီးသား အိမ်ထောင်တစ်ခု ပြို ကွဲမှာ စိုးတဲ့ အတွက် ကိုထွန်းမောင် နှိပ်စက်သမျှ ခါးစည်းခံခဲ့သူပါ။

ယခုတော့ ပေါ်ပေါ်ထင်ထင်ကြီး မိန်းမတစ်ယောက်ကို အိပ်ခန်းထဲ ထိ သွင်းလာတာ ...

ကိုထွန်းမောင် သိပ်တရားလွန်နေပြီ။ သိပ်ရက်စက်တာပဲ။

သူမရဲ့ ခံစားချက်ကို လုံးဝလျစ်လျူရှုထားတယ်။

ဒါပေမဲ့ ... ချစ်ခြင်းမေတ္တာဆိုတာက တစ်ခါတစ်ရံ သိပ်ထူးဆန်းတ ယ်။

ဘယ်လောက်ပဲ နာကျင်အောင် လုပ်ပါစေ မနာကျင်ရက်ဘူး။

သူ ငါ့ကိုလုပ်ရက်လေခြင်းလို့ တွေးပြီး ဝမ်းနည်းနာကျင်ရပေမယ့် ... လုံးဝကျောခိုင်း လမ်းခွဲဖို့ ကျတော့ အင်အားမရှိပြန်ဘူး။

အတွေးနဲ့ အတူ မမိုးသူတစ်ယောက် မျက်ရည်ပေါက်ပေါက် ကျလာ တယ်။

“မိုးသူ ... မိုးသူ ... မင်း ဘယ်ရောက်နေသလဲကွ၊ လာခဲ့စမ်းပါ”

ဧည့်ခန်းဆီက အသံကြောင့် ဘေစင်မှာ သူမမျက်နှာ အမြန်သစ်ပစ် လိုက်တယ်။

ရေစက်တွေကို အင်္ကျီစနဲ့ ဆွဲသုတ်ပြီး ဧည့်ခန်းဘက်လျှောက်ခဲ့တယ်

။

ဆက်တီခုံထက် ခြေချိတ်ထိုင်ရင်း မထီလေးစားဟန်နဲ့ ကြည့်နေတဲ့ ခင်ပွန်းသည် နဲ့ သူစိမ်းမိန်းမ။

"မင်း ... ဘာတွေလုပ်နေတာလဲ၊ ငါတို့ ဗိုက်ဆာနေပြီ၊ အမြန်ဆုံးမနက်စာ ပြင်ပေးစမ်း၊ နေပါဦး ... မင်းမျက်နှာက ဘာအချိုးလဲကွ၊ မျက်နှာထားကိုပြင်လိုက်စမ်း၊ စောက်ခွက် ဖြတ်ရိုက်ခံရမယ် ... သွားစမ်း၊ အမြန်လုပ်"

မမိုးသူ ယောက်ျားဖြစ်သူရဲ့ ကြိမ်းမောင်းသံကြောင့် အားနွဲ့တဲ့ မိန်းမသားပီပီ ခေါင်းငုံ့ရင်း မီးဖိုခန်းဘက် ပြန်ထွက်ခဲ့မိတယ်။

ထိုဖြစ်စဉ်ကို အခန်းထောင့်ကွယ်ကနေ မီးဖိုဆောင်ထဲ လှစ်ခနဲပြေးသွားတယ်။

"မေမေ ... ဖေဖေ့အနားမှာ ရှိတဲ့ အန်တီက ဘယ်သူလဲဟင်၊ ဖေဖေကရော မေမေ့ကို ဘာလို့ ဆူနေတာလဲဟင်"

မနက်စာ စီစဉ်နေတဲ့ မမိုးသူဟာ သမီးဖြစ်သူရဲ့ အမေးကြောင့် အသံတိတ်ရှိုက်သံနဲ့ ရှိုက်လိုက်မိတယ်။

မဟာရုပ်ကို ဟန်လုပ်ပြုံးရင်း သမီးဖြစ်သူဘက်လှည့်တယ်။

"အဲဒါက သမီးရဲ့ အန်တီလေးလေ၊ သမီးဖေဖေက သူဗိုက်ဆာလို့ မေမေ့ကိုဆူနေတာပါ၊ ဝိုင်းလေးရော ဗိုက်ဆာပြီလားဟင်"

"ဟုတ် မေမေ ... ဝိုင်းလေးလည်း ဗိုက်ဆာနေပါပြီ၊ မေမေ အမြန်ပြင်ပေးပါနော်"

"ဟုတ်ပါပြီ ... ဒါဆို .. ထမင်းစားပွဲမှာ ထိုင်နေနော်၊ မေမေအခုပဲ ပြ

င်ပေးမယ်”

မမိုးသူဟာ လျှင်မြန်စွာပဲ မနက်စာ စီစဉ်ပေးလိုက်တယ်၊ ကိုထွန်းမောင်တို့ မီးဖိုဆောင်ထဲရောက် လာပြီး ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်ကြတယ်။

“ဖေဖေ ... ဝိုင်းလေးကို ခွံ့ကျွေးပါနော်”

ဝိုင်းလေးက ထမင်းပန်းကန်ကို ဖခင်ရှေ့ထိုးပေးရင်း တောင်းဆိုလိုက်တယ်။

ကိုထွန်းမောင်က လှမ်းယူဖို့ ရွယ်လိုက်စဉ်မှာ ပဲ သူ့စိမ်းအမျိုးသမီးက မျက်လုံးစွေကြည့်လိုက်တဲ့ အတွက် ...

“မိုးသူ မင်းက နားလည်မှုခေါင်းပါးလှချည်လား၊ နောက် ငါတို့ ထမင်းစားရင် အေးအေးဆေးဆေး စားချင်တယ်၊ ခေါ်သွားလိုက်စမ်း မင်းသမီးကို”

ဖခင်ဖြစ်သူရဲ့ အပြောကြောင့် ဝိုင်းလေးခမျာ ဇက်ကလေးပုပြီး နှုတ်ခမ်းစူသွားတယ်။

မမိုးသူက သမီးဖြစ်သူရဲ့ လက်ကို ဆွဲခေါ်ရင်း မီးခိုခန်းက ထွက်ခဲ့မိတယ်။

စိတ်ကထိန်းထားရင်းဘဲ မျက်ရည်တစ်ပေါက်က ပေါက်ခနဲကျသွားမိတယ်။

*